# အကူအညီပေးဖို့ ရန် အခြေခံအုတ်မြစ်-THE FOUNDATION FOR HELPING

**ရည်ရွယ်ချက်** ဤသင်ခန်းစာကို ပြီးမြောက်သောအခါ-
၁။ သင်တန်းသားတို့ သည် ချစ်မေတ္တာတရားကို ထုတ်ဖော်ပြသနိုင်လာမည်ဖြစ်သလို၊ သင့်လျော်ပြီး သာမန်ပုဂ္ဂိုလ်က အကြံဉာဏ်ပေးလို့ ရသည့် အခြေအနေများကို ကြုံဆိုလာမှာဖြစ်သည်။

**သင်တန်းပို့ ချသူ အတွက် မှတ်ချက်** အကူအညီပေးစွမ်းရည် သင်ခန်းစာ အတွဲထဲမှ ဤဒုတိယသင်ခန်းစာသည် သာမန်အကြံ ပေးပုဂ္ဂိုလ်များအတွက်ဖြစ်သည်။

**သင်ထောက်ကူ**
- ပိုစတာအရွယ်စာရွက်၊မာကာပဲန်၊ကော်တိတ်
- ရှေ့ သင်ခန်းစာမှ- သင့်အကူအညီပေးစွမ်းရည်ကို အကဲဖြတ်ပါ
- အစပြုခြင်း

| သင်ခန်းစာ | ၁ နာရီ |
|---|---|

**စတင်ခြင်း - (၁၅မိနစ်)** ရှေ့ သင်ခန်းစာထဲမှာ လေ့ကျင့်ခန်းတွေ သင်လုပ်ခဲ့စဉ် သင့်အကြောင်းနှင့် သင့်အကူအညီပေးစွမ်းရည်အကြောင်း ဘာတွေလေ့လာဖြစ်ခဲ့ပါသလဲ။ လူ့ အဖွဲ့ အစည်းအတွင်းမှာ ထိထိရောက်ရောက် အမှုတော်ဆောင်ဖို့ လိုအပ်တဲ့ အခြေခံအကူအညီပေးစွမ်းရည်နဲ့ ပတ်သက်တာတွေကို ဒီနေ့ ထပ်ပြီး ကျွန်ုပ်တို့ အခြေတည်ပြောပြချင်ပါတယ်။

| | |
|---|---|
| SHOWD မေးခွန်းများ | ဘာတွေ့ ရလဲ။ ဘာဖြစ်နေလဲ။ ကိုယ်တို့ ဆီမှာဒါမျိုးဖြစ်နေသလား။ ဘာကြောင့် ဒါမျိုးဖြစ်နေရတာလဲ။ ဒါနဲ့ ပတ်သက်ပြီး ကိုယ်တို့ ဘာလုပ်ကြမလဲ။ |

## ၁။ အခြေခံအုတ်မြစ်ဖြစ်သော အကူအညီပေးစွမ်းရည်များ (၄၅ မိနစ်)

လမ်းညွှန်- အဖွဲ့ ကို အဖွဲ့ ငယ် လေးဖွဲ့ ခွဲလိုက်ပါ။ တစ်ဖွဲ့ စီကို ကျမ်းချက်တွေပေးပြီး အလုပ်တာဝန်ခွဲဝေပေးပါ။ကျမ်းချက်တွေထဲမှာ အကူအညီပေးစွမ်းရည် စည်းမျဉ်းနှင့်ပတ်သက်ပြီး သင်ဘာတွေ့ မြင်ပါသလဲ။ အဖွဲ့ ကြီးအဖြစ်စုပေါင်းတင်ပြပါ။

**(က) အဖွဲ့ ငယ် ၁-** မာကု ၉း၃၇၊ ကမ္ဘာဦး ၁၈း၁-၈၊ ဟေဗြဲ ၄း၁၅
၁။ တစ်စုံတစ်ဦးကို လက်ခံခြင်းသည် ဧည့်သည်များကို စိတ်နှလုံးပါလျက်၊ ရိုသေမှုပြလျက်လက်ခံခြင်းကဲ့သို့ ဖြစ်သည်။ သူတို့ ကို လက်ခံသူက တည်းခိုစရာနှင့် စားစရာပေးသည်။
၂။ ခရစ်တော်က ကျွန်ုပ်တို့ မစုံမလင်ဖြစ်ရခြင်း၏ စိတ်ခံစားချက်ကို သိနားလည်ခဲ့သည်။ ထို့ အတူ၊ ကျွန်ုပ်တို့ က ဒုက္ခနှင့်လူသားတွေကို စာနာသနားဖို့ ဖြစ်သည်။
**(ခ) အဖွဲ့ ငယ် ၂-** ကောလောသဲ ၁း၉-၁၂၊ ရှင်မဿဲ ၉း၉-၁၃၊ ၁ကော ၉း၂၂

၁။ လူသားများက မွန်မြတ်ထိုက်တန်သော သခင့်လမ်းစဉ်အတိုင်း လျှောက်လှမ်းနိုင်ဖို့ ဆက်၍ဆုတောင်းရပါမည်။

၂။ အပြစ်ရှိသူများနှင့် အောက်တန်းစားကလူတွေကို အပေါင်းအသင်းပြုချင်စိတ်ထားရပါမည်။

၃။ အခြားသူများ၏ဘဝတွေမှာ လွှမ်းမိုး အကျိုးသက်ရောက်စေဖို့ လူ့ အလွှာတိုင်းနှင့် ထိန်းထိန်းသိမ်းသိမ်းနေလိုစိတ် ရှိပါ။

**(ဂ) အဖွဲ့ ငယ် ၃- ရှင်မဿဲ ၇း ၁-၅၊ ရှင်လုကာ ၆း၃၇ ၊ ရှင်မဿဲ ၈း၂-၄ ၊ ရှင်မာကု ၁း၄၀-၄၂**

၁။ အခြားသူများကို အပြစ်မစီရင်ပါနှင့်

၂။ မိမိကိုယ်ကို သိစိတ်ရှိပါ

၃။ ခွင့်လွှတ်ပါ

၄။ ထိခြင်း၊တို့ ခြင်းကို ပြုသင့်သောအခြေအနေမျိုးမှာ ပြုရခြင်းက အရေးကြီးသည်

၅။ နာတာရှည်ရောဂါသည်များကို ဂရုစိုက်ပေးပါ

**(ဃ) အဖွဲ့ ငယ် ၄- ရှင်မာကု ၁၀း ၄၃-၄၅ ၊ ၂ကော ၈း ၂၊ ၉၊ ၁၄ ၊ ရှင်မဿဲ ၁၈း ၂၁-၃၅**

၁။ အစေခံတစ်ဦး ဖြစ်စေပါ။ အခြားသူများကို သင့်ထက်ဦးစားပေးပါ။

၂။ တန်းတူညီမှု

၃။ သင့်ကြွယ်ဝမှုကို အခြားသူများ၏ လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့ အသုံးချနိုင်သည်။

၄။ ခွင့်လွှတ်ခြင်း

၅။ သနားခြင်းဂရုဏာ

၆။ သင့်ကို အခြားသူများ ပြုမူလာစေချင်သည့်အတိုင်း အခြားသူများကို ပြုမူပါ။

---

၂။ <u>**နိဂုံး (၅ မိနစ်)**</u>

အကျဉ်းချုပ်တင်ပြပါ။ ဤကဲ့သို့ သော အမှုအကျင့်များကို သင်ကိုယ်တိုင် လက်တွေ့ ပြနိုင်ဖို့ ဘုရားသခင်သင့်ကို ကူညီလာအောင် ဆုတောင်းရင်း သင်ခန်းစာကို အဆုံးသတ်ပါ။

---

<u>**သဘောထား**</u> သင်တန်းပေးသူသည် ဤအမှုအကျင့်များကို မပိုင်ဆိုင်ထားသေးလျှင် ဤအမှုအကျင့်များ အသက်တာထဲမှာ ဖြစ်တည်လာဖို့ ဘုရားသခင်ကို ယုံကြည်ကိုးစားလိုစိတ်ရှိရမည်။ ဤအမှုအကျင့်နှင့်ပတ်သက်ပြီး အခြားသူများကို ပို့ ချလိုစိတ်လည်းရှိရမည်။

<u>**စွမ်းရည် (ကျွမ်းကျင်မှု)**</u> သင်တန်းသားတို့ သည် ချစ်မေတ္တာတရားကို ထုတ်ဖော်ပြသနိုင်မှာဖြစ်သလို၊ သင့်လျော်ပြီး သာမန်ပုဂ္ဂိုလ်က အကြံဉာဏ်ပေးလို့ ရသည့် အခြေအနေများကို ကြုံဆိုလာနိုင်မည်ဖြစ်သည်။

<u>**အကဲဖြတ်ခြင်း**</u> သင်တန်းပို့ ချသူတို့ သည် သင်တန်းသားများ ဤသင်ခန်းစာ၏ဆိုလိုရင်းကို နားလည်သဘောပေါက်ခဲ့ကြောင်းကို သူတို့ ၏လက်တွေ့ အမှုတော်ထဲမှာ ဤအမှုအကျင့်နှင့်စွမ်းရည်များကို ထုတ်ဖော်ပြသနိုင်ချိန်မှသာ သိလာမှာဖြစ်သည်။